

ဟိန်းလတ်

# ချမ်းသာဖို့ အမြဲချမ်းသာဖို့

(၁)

Fred. J . Young ၏ How to get rich and stay rich ကို ဆရာဟိန်လတ်မှ "ချမ်းသာဖို့ အမြဲချမ်းသာဖို့ " ခေါင်းစဉ်ဖြင့် ဘာသာပြန်ဆိုလျက် တူဒေးစာအုပ်တိုက်မှ ထုတ်ဝေလိုက်ရပါသည်။

စာရေးသူ Fred.J.Young သည် ချီကာဂိုရှိ Harris Trust and Saving ဘဏ်၌ ၂၇ နှစ် အမှုထမ်းခဲ့ပြီး ဒုတိယဥက္ကဋ္ဌရာထူးအထိ တာဝန်ယူခဲ့ပါသည် ။ ဤစာအုပ်ရေးသားပြုစုချိန် ၁၉၉၀ ခုနှစ်အစပိုင်း၌ ဒေါ်လာ ၁၀ ဘီလီယံကို စီမံခန့်ခွဲနေရသော ဘဏ်ဖြစ်ပြီး ၁၉၉၅ ခုနှစ် နောက်ပိုင်းဒေါ်လာ ၁၅ ဘီလီယံထိ စီမံခန့်ခွဲနေရလေသည်။ သူ၏ အဓိကတာဝန်မှာ ဘဏ်၏ ဖောက်သည်များ ဖြစ်ကြသောချမ်းသာကြွယ်ဝသောလူပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအလိုက် ဖြစ်စေ လက်ရှိအနေအထားအတိုင်း ရှိရန်နှင့် ပိုမိုချမ်းသာကြွယ်ဝရန် ဖြစ်ပါသည် ။ အထူးသဖြင့်ချမ်းသာကြွယ်ဝသူများ နှင့် ပူးတွဲလုပ်ကိုင်ခဲ့ရသဖြင့်သူ၏ ချမ်းသာကြွယ်ဝမှုဆိုင်ရာ အတွေးအခေါ်အမူအကျင့်များကို လေ့လာမှတ်သားခွင့် ရခဲ့ပေသည် ။ ၎င်းကိုယ်တိုင်ကလည်း သန်းကြွယ်သူဌေးတစ်ဦး ဖြစ်ခဲ့ရာ အထက်ပါအတွေ့အကြုံ လေ့လာမှတ်သားချက်များ နှင့် မိမိလက်တွေ့ ကျင့်သုံးခဲ့သော ငွေကြေးစီမံခန့်ခွဲမှုအပေါ် မူတည်၍ ဤစာအုပ်ကို ရေးသားပြုစုခဲ့ခြင်းဖြစ်ပါသည်။

စာ ရေး သူ ၏ ခံယူချက်ဖြစ်သည့် ပျော်ရွှင်ချမ်းသာမှုသည် တစ်ကိုယ်ရေငွေကြေး စီမံခန့်ခွဲမှုအပေါ်တွင် မူတည်သည် ဟု ဆိုထားရာ စီးပွားရေးလုပ်ငန်းရှင်များ ၊ မန်နေဂျာများ ၊ ကိုယ်ပိုင်အလုပ်လုပ်ရန်ကြိုးစားနေသူ၊ အလုပ်လုပ်ရန်ပြင်ဆင်နေသူများ အဖို့ ဖတ်ရှုသင့်သည့် စာအုပ်အနေဖြင့်ထုတ်ဝေလိုပ်ရပါသည် ။

××××××××××

# အဦးအစ

ကျွန်တော်သည် တင်နက်ဆီပြည်နယ် 'ဗိုက်(စ်)ဘာ့(ဂ်)'မြို့အနီးရှိ လယ်တောတွင် ကြီးပြင်းခဲ့ပါသည် ။သို့သော်လွန်ခဲ့သောနှစ်ပေါင်းများ စွာကရှီကာဂိုမြို့ကိုကျွန်တော်ပြောင်းသွားသောအခါမြောက်ဘက်အရပ်ရှိ လူများ သည် 'ဗိုက်(စ်)ဘာ့(ဂ်)'အကြောင်းမသိကြသည် ကို တွေ့ရပါသည် ။ ထို့ကြောင့် ကျွန်တော်က အခြားအကြီးဆုံးမြို့ဖြစ်သောတင်နက်ဆီပြည်နယ်က 'ဘူး(လ်)(စ်)ဂက်(ဂ်)' မြို့အကြောင်းပြောပြရသည် ။

ထိုအချက်သည် ကျွန်တော်၏ ချမ်းသာအောင်လုပ်နည်း၊ ချမ်းသာအောင်နေနည်းနှင့်ပတ်သက်၍ မည်သို့ဆက်စပ်မှု ရှိပါသနည်း။ ဆက်စပ်မှုများ စွာ ရှိသည် ဟု ဖြေရပါမည်။

ကျွန်တော်ရှိနေစဉ်ကာလက'ဗို ု က်(စ်)ဘာ့(ဂ်)' ရော၊ 'ဘူး(လ်)(စ်)ဂက်(ပ်)' တွင် ပါ လူချမ်းသာမရှိသေးပါ။ တကယ်တော့ကျွန်တော်ရှီကာဂိုကိုရောက်သည် အ ထိ သူ ဌေး တ စ် ယော က် မျှ မကြားဖူးသေးပါ။ ၁၉၃၀ပြည့်နှစ်နှောင်းပိုင်းများကမစ်ဆူရီတက္ကသိုလ်တွင် ဥပဒေသင်တန်းတက်စဉ်တုန်းက ကျွန်တော်သည် ယုံကြည်အပ်နှံမှုနှင့် မြေယာအမှုခင်းဘာသာရပ်ကိုမယူခဲ့ပါ။

အဘယ်ကြောင့် ဆိုသော်မြေယာနှင့်ပတ်သက်၍ အမှုအခင်းများကြုံရလောက်အောင် ချမ်းသာသူမည်သူမျှမရှိကြောင်း

ကျွန်တော်သိခဲ့၍ ဖြစ်ပါသည် ။ကျွန်တော်၏ နောက်ကြောင်းရာဇဝင်တွင် ချမ်းသာသူများ နှင့် ပတ်သက်၍ ဖော်ပြသကဲ့သို့အတော်ဝေးခဲ့ပါသည် ။"ဟဲရစ်ဘဏ်"ရောက်သောအခါ လူချမ်းသာ အတော်များများ နှင့် ဆုံရ၍ ကျွန်တော်သည် အတော်ပင် စိတ်လှုပ်ရှားခဲ့ရပပါသည် ။

××××××××××